## ၁ – လေ့ကျင့်ခန်း မေးခွန်း

က။ (ဘုရားလက်ထက်တော်မှ စ၍) ရှင်လောင်းကို ဆံချခါနီး၌ အဘယ် ကမ္မဋ္ဌာန်းကိုပေး၍ ဆံချလေ့ရှိပါသနည်း။

ခ။ ဆံချခါနီးပေးသော ကမ္မဋ္ဌာန်း လက်ာကလေးကို ရွတ်ပြပါ။ [စာဖြင့်ရေး၍ ပုစ္ဆာထုတ်ရာ၌ "ရေးပြပါ"ဟု ပြင်ပါ။]

ဂ။ ရှင်သာမဏေလောင်းတို့သည် ဆရာက"ဝတ်တော့"ဟု ခွင့်မပြုဘဲ (သို့မဟုတ် ရဟန်းတပါးက ဝတ်မပေးဘဲ) မိမိဘာသာ သင်္ကန်းကို ဝတ်ကောင်းပါသလော။

ဃ။ မည်ကဲ့သို့ဆို၍ မိမိလက်မှာရှိသော သင်္ကန်းကို ဆရာ့အား ကပ်ရသနည်း၊ ဆိုပုံ စကားပြင်ကို ပြပါ။

င။ မည်ကဲ့သို့ဆို၍ ဆရာ့လက်မှ သင်္ကန်းကို ပြန်၍ တောင်းရသနည်း၊ ဆိုပုံ စကားပြင်ကို ပြပါ။

စ။ သင်္ကန်းဝတ်သောအခါ မည်ကဲ့သို့ ဆင်ခြင်၍ ဝတ်ရသနည်း၊ ဆင်ခြင်ပုံ စကားအစဉ်ကလေးကို ပြပါ။

ဆ။ သင်္ကန်းဝတ်သောအခါ မည်ကဲ့သို့ ဝတ်ရမည်နည်း။

---

**အမှာ။** ။သင်္ကန်း ဝတ်ပြီးသောအခါ လက်အုပ် ချီလျက် ဆောင့်ကြောင့် ထိုင်ပါစေ၊ ထို့နောက် (၁) အဟံ ဘန္တေ-စသော သရဏဂုံနှင့် သီလတောင်း၊ (၂) နမော တဿ ဘဂဝတော-စသော ဘုရားရှိခိုး၊ (၃) သရဏဂုံ၊ (၄) ဆယ်ပါးသီလတို့ကို အစဉ်အတိုင်း ဆိုပါစေ။